## ၃။ ဂျုံပျပိုး

**Wheat aphid: *Sitobion avenae* (Fabricius, 1775)**

**Hemiptera: Aphididae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



အတောင်ပါအရွယ်ရောက်ကောင်သည်ကိုယ်ထည်အလယ်အလတ်ရှိပြီးလွန်းပုံသဏ္ဍာန်ဖြစ်သည်။အစိမ်း(သို့)အညိုရောင်တွေ့ရသည်။ပိုးမမည်အဆင့်သည်အစိမ်း(သို့)အနီရောင်ဖြစ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပိုးမမည်အကောင်များနှင့် အတောင်မပါသော အကောင်ကြီးများသည် အပင်၏ ထိပ်ဖျားပိုင်းများ၊ အရွက်များ၊ အဖူးများနှင့် ပင်စည်များတွင်ကျရောက်ဖျက်ဆီးသည်။ ပျပိုးများသည် ဘာလီပင်ဝါပုရောဂါ **(Barley yellow dwarf virus)** ကိုလည်း သယ်ဆောင်ကူးစက်စေသည်။ ထို့အပြင် အမဲရောင်မှိုများလည်း ကျ ရောက် တတ်ပါသည်။

**ဘ၀စက်ဝန်း**

ပိုးမမည့်အဆင့် -(၈-၁၂)ရက်

ရုပ်ဖုံးအဆင့် -(၃-၂၀)ရက်

အကောင်ကြီးအဆင့် **- (၃၀-၆၀)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပတ်ဝန်းကျင်ရှိ ပဲမျိုးရင်းဝင်အပင်များနှင့် ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများအားရွေးချယ်စိုက်ပျိုးပါ။

(၃)နံနက်စောစော စိုက်ခင်းပတ်ဝန်းကျင် လေတင်ဘက်မှ မီးခိုးမှိုင်း တိုက်ပါ။

(၄)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ် (Imidacloprid 600FS /Imidacloprid 70SS) ဆေးဖြင့်လူးနယ်စိုက်ပျိုးပါ။

(၅)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းစာအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)